ဥသျှစ်ကုန်း(တ)ကျေးရွာ

ဥသျှစ်ကုန်းကျေးရွာအုပ်စု

သာစည်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဥသျှစ်ကုန်း(တ)ကျေးရွာ၊ သာစည်မြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာ လ

မာတိကာ

မာတိကာ

၁. စကားချီး ၂

၂. သာစည်မြို့နယ်၊ ဥသျစ်ကုန်းကျေးရွာအုပ်စု၊ ဥသျစ်ကုန်း(တ)ကျေးရွာ၏ သယံဇာတပြဓေပုံ
၃

၃. သာစည်မြို့နယ်၊ဥသျစ်ကုန်းကျေးရွာအုပ်စု၊ဥသျစ်ကုန်း(တ) ကျေးရွာ၏ **ရာသီခွင်ပြ ပြက္ခဒိန်**
၄

၄. သာစည်မြို့နယ်၊ ဥသျစ်ကုန်းကျေးရွာအုပ်စု၊ ဥသျစ်ကုန်း(တ)ကျေးရွာ၏
၅
ကျေးရွာတွင်း၊ရွာပြင်အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ

၅. သာစည်မြို့နယ်၊ ဥသျစ်ကုန်း ကျေးရွာအုပ်စု၊ ဥသျစ်ကုန်း (တ) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ

၅.က။ တည်နေရာနှင့်ပထဝီ အနေအထား
၇

၅.ခ။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၇

၅.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ
၇

၅.ဃ။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ
၈

၅.င။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ
၈

၅.စ။ ပညာရေး ၉

၅.ဆ။ ကျန်းမာရေး ၉

၅.ဇ။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
၁၀

၅.ဈ။ ကျား – မ ရေးရာ ၁၀

၆. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ
၁၀

နောက်ဆက်တွဲများ

- နောက်ဆက်တွဲ ၁ ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း
  ၁၂
- နောက်ဆက်တွဲ ၂ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ
  ၁၃
- နောက်ဆက်တွဲ ၃ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာတည်ဆောက်မှု ဇယား
  ၄၃


စကားချီး

ဥသျှစ်ကုန်း(တ) ကျေးရွာ၏ ဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် စီမံချက်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းဆိုင်ရာ အချက်အလက်များ၊ လုပ်ငန်းစဉ်များ၊ ဦးစားပေးအဆင့်(၁) ကျေးရွာတွင်း လမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာနှင့် လုပ်ငန်းစဉ်များအား ကူညီပံ့ပိုး ပေးပါသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် လိုအပ်သော အကူအညီများ၊ အကြံဉာဏ်များကို ပါဝင်ပံ့ပိုးပေးပါသော အုပ်ချုပ်ရေးမှူးတို့အား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်း တင်အပ်ပါသည်။


စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်နိုင်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းရာတွင် လူထုကိုယ်တိုင် ပူးပေါင်းပါဝင်နည်းကိုအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဖွဲ့စည်းဆောင်ရွက် ခဲ့ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းဖြင့် ကျွန်ုပ်တို့ကျေးရွာပြည်သူများသည် ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရပါသည်။ နောင်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ တွင်လည်း ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ ကျေးရွာလူထုပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်စွာ အကောင်အထည် ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဥသျှစ်ကုန်း (တ) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ


၂. သာစည်မြို့နယ်၊ ဥသျှစ်ကုန်းကျေးရွာအုပ်စု၊ ဥသျှစ်ကုန်း(တ) ကျေးရွာ၏ သယံဇာတပြမြေပုံ



၃. သာစည်မြို့နယ်၊ ဥသျစ်ကုန်းကျေးရွာအုပ်စု၊ ဥသျစ်ကုန်း(တ) ကျေးရွာ၏ ရာသီခွင်ပြ ပြကွဒိန်



၄. သာစည်မြို့နယ်၊ ဥသျှစ်ကုန်းကျေးရွာအုပ်စု၊ ဥသျှစ်ကုန်း(တ) ကျေးရွာ၏ ကျေးရွာတွင်းရွာပြင်အဖွဲ့အစည်းများ ချိတ်ဆက်မှုပြပုံ



၅. သာစည်မြို့နယ်၊ ဥသျှစ်ကုန်းကျေးရွာအုပ်စု၊ ဥသျှစ်ကုန်း(တ) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ

၅.က။ တည်နေရာနှင့် ပထဝီဝင်အနေအထား

ဥသျှစ်ကုန်းကျေးရွာအုပ်စု၊ ဥသျှစ်ကုန်း(တ) ကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာ ခရိုင်၊ သာစည်မြို့နယ်၊ ညောင်ရမ်းတိုက်နယ်၏ မြောက်ဘက် (၃) မိုင်ခန့် အကွာတွင် တည်ရှိပါသည်။ မြို့နယ်အုပ်ချုပ်ရေး မှူးရုံး စိုက်ရာ သာစည်မြို့နှင့် (၇) မိုင်ခန့်ကွာဝေးပြီး၊ သာစည်မြို့၏ အရှေ့တောင်ဘက်တွင် တည်ရှိပါသည်။ ရွာ၏ အရှေ့ဘက်တွင် ကန့်ဖြူကျေးရွာ၊ အလယ်ကျေးရွာ၊ အနောက်ဘက်တွင် ကွမ်းခြံကျေးရွာ၊ နွားထိုးကျေးရွာနှင့် မြောက်ဘက်တွင် သနပ်ကန်ကျေးရွာ၊ မရွေးကျေးရွာတို့ တည်ရှိပြီး ရွာ၏ အနောက်ဘက်တွင် ရန်ကုန်- မန္တလေး မီးရထားလမ်းရှိပါသည်။ ကျွန်ုပ်တို့ကျေးရွာသည် လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ပြီး စပါးခင်း၊ လယ်ကွင်းများနှင့် စိမ်းစိုသာယာသော ကျေးရွာလေးဖြစ်ပါသည်။

၅.ခ။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ဥသျှစ်ကုန်း (တ)ကျေးရွာသည် အပူပိုင်းမိုးခေါင်ရေရှားဒေသဖြစ်ပါသည်။ စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြပြီး စိုက်ပျိုးရေကို ညောင်ရမ်းကန်မှ ရေသွင်းမြောင်းများဖြင့် ခွဲဝေရယူ စိုက်ပျိုးကြရပါသည်။ နွေရာသီ တွင် စိုက်ပျိုးရေရှားပါးမှု ပြဿနာကို ကြုံတွေ့ရပါသည်။ လယ်မြေ (၆၂၉) ဧက၊ ယာမြေ (၇၉) ဧက စုစုပေါင်း စိုက်ပျိုးမြေ ဧရိယာ (၇၀၅) ဧက ရှိပြီး စပါး၊ နှမ်း၊ ကုလားပဲ ကို အဓိကထားစိုက်ပျိုးပါသည်။ သဘာဝတွင်းထွက် ပစ္စည်းများ မထွက်ရှိပါ။ အပူပိုင်း ဒေသဖြစ်၍ မန်ကျည်း၊ သရက်၊ တမာ၊ ထနောင်းစသည့် အရိပ်ရ အပင်များ၊ တစောင်းလပတ်၊ ဆင်ထုံးမန္ဓယ် စသည့် ဆေးဖက်ဝင်အပင်များ ပေါက်ရောက်ပါသည်။ ဆက်ရက်၊ ဗျိုင်း၊ ကျီးကန်း၊ ယုန် စသည့် တိရစ္ဆာန်မျိုးစိတ်များကိုလည်း တွေ့ရှိရပါသည်။

၅.ဂ။ ဖွံ့ဖြိုးရေးဆိုင်ရာ စိမ်ခန့်ခွဲမှုအခြေအနေ

ဥသျှစ်ကုန်း(တ) ကျေးရွာတွင် ကျေးရွာလူထုအခြေပြု ကိုယ်ထူကိုယ်ထအဖွဲ့ (၃) ဖွဲ့ရှိပါသည်။ ပရဟိတ အသင်း၊ ဆရာမိဘအသင်းနှင့် ဓမ္မစကြာအဖွဲ့ တို့ဖြစ်ပါသည်။ အဖွဲ့အစည်းအတွင်း အဖွဲ့ဝင်အချင်းချင်း စည်းရုံးမှု၊ အပြန်အလှန်ယုံကြည်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်အဝရှိပါသည်။ ဥသျှစ်ကုန်း (တ) ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာရပ်မိရပ်ဖများ ပူးပါင်းညှိနှိုင်း၍ ဘာသာရေးဆိုင်ရာ ဖွံ့ဖြိုး ရေး လုပ်ငန်းများတွင် သာသနာ့အကျိုးတော်ဆောင်များဖြစ်သော ဂေါပကလူကြီးများ အဖွဲ့ဖွဲ့စည်းပေး၍ ဘာသာ ရေး လုပ်ငန်းများတွင် စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊ အမျိုးသမီးများအား ဓမ္မစကြာအဖွဲ့ ဖွဲ့စည်းပေး၍

ဘာသာရေး ကိစ္စများ ဆောင်ရွက်စေခြင်း၊ ပညာရေးဆိုင်ရာလုပ်ငန်းများတွင် ဆရာမိဘအသင်း ဖွဲ့စည်း၍ စီမံခန့်ခွဲ ဆောင်ရွက် စေခြင်း၊ ကျေးရွာတွင်းလျှပ်စစ်မီးလင်းရေးကဏ္ဍတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးကော်မတီ ဖွဲ့စည်း၍ လျှပ်စစ်မီးရရှိရေးနှင့် ပတ်သက်သော ခါတ်အားလိုင်းများသွယ်တန်းခြင်း၊ လျှပ်စစ်မီးလင်းရေး ဘဏ္ဍာငွေများ ရှာဖွေခြင်း၊ မီးလင်းရေးဆိုင်ရာ အခြားလုပ်ငန်းများအတွက် စီမံခန့်ခွဲစေခြင်းများကို ဆောင်ရွက်စေခြင်း၊ ကျေးရွာ ဖွံ့ဖြိုးရေး ရန်ပုံငွေရှာဖွေခြင်းများလုပ်ဆောင်နိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဖွဲ့စည်း၍ ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော လမ်းများ၊ ကျေးရွာပိုင် အဆောက်အဦများကို ပြုပြင်ထိန်းသိမ်းခြင်း၊ စီမံခန့်ခွဲ စေခြင်းတို့ကို ကဏ္ဍအသီးသီးအလိုက် တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။ ကျန်းမာရေးကိစ္စများတွင် ငွေကြေး ခက်ခဲသော လူနာများအတွက် ငွေကြေး ထောက်ပံ့ခြင်း၊ ပညာရေးဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဝင်ရောက် ကူညီခြင်း၊ ကျေးရွာ၏ သာရေးနာရေးများတွင် ကူညီချက်ပြုတ်လုပ်ဆောင်ခြင်း၊ စသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရန် ကိုယ်ထူ ကိုယ်ထ ပရဟိတအသင်းကိုလည်း ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိပါသည်။

၅.ဃ။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

ဥသျှစ်ကုန်း(တ) ကျေးရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ လယ်ယာ စိုက်ပျိုးမြေများမှာ စနယ်မြေ၊ မြေနုသဲဝန်းမြေ အမျိုးအစားများဖြစ်ပြီး သုံးသီးစားအထိ စိုက်ပျိုးထုတ်လုပ်နိုင်သော မြေမျိုးဖြစ်ပါသည်။ အိမ်ထောင်စု (၁၉၆) စု အနက် ၆၄ % ခန့်သည် စိုက်ပျိုးမြေများပိုင်ဆိုင်ကြပြီး စိုက်ပျိုးရေးကို ကိုယ်ပိုင်လုပ်ငန်းအဖြစ် လုပ်ကိုင်ကြပါသည်။ ကျန်သော ၃၆ % မြေယာမဲ့များဖြစ်ပြီး တောင်သူအငှား၊ နေ့စား အလုပ်သမားများ ဖြစ်ပါသည်။ ခိုင်းနွား၊ နို့စားနွား၊ ဆိတ်၊ ဝက်၊ ကြက် မွေးမြူရေးကိုလည်း တပိုင်တနိုင် လုပ်ကိုင် ကြပါသည်။ စီးပွားဖြစ် မွေးမြူကြသော်လည်း ဈေးကွက်ချိတ်ဆက်မှု အားနည်းခြင်းကြောင့် ဈေးကောင်းမရခြင်း၊ ငွေကြေးမပြည့်စုံ၍ ကြာရှည်စွာ ထိန်းသိမ်းမထားနိုင်ခြင်းတို့ကြောင့် မွေးမြူရေးမှ အကျိုးအမြတ်နည်းပါးပါသည်။ ကျေးရွာ၏ အိမ်ထောင်စု အားလုံးနီးပါးသည် အခြားဝင်ငွေရလုပ်ငန်းအဖြစ် ဆံပင်ရှင်းခြင်းလုပ်ငန်းကိုလည်း တွင်ကျယ်စွာ လုပ်ကိုင်ကြပါသည်။ ဆိုင်ကယ်ပြင်ဆိုင်၊ စက်ချုပ်ဆိုင်၊ သီးနှံပွဲစားများ၊ အိမ်ဆိုင်၊ ကျူရှင်သင်ခြင်း နှင့် ကျန်းမာရေးဝန်ထမ်း၊ လက်သမား၊ ပန်းရံလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသော တောင်သူများအနေဖြင့် ရာသီဥတုကောင်းမွန်ပြီး စိုက်ပျိုးရေ ကောင်းစွာရရှိပါက သီးနှံထွက်နှုန်းကောင်းမွန်၍၊ ဈေးကွက်ကောင်းမွန်လျှင် အကျိုးအမြတ်များစွာရရှိပြီး ရာသီဥတုဖောက်ပြန်ခြင်း၊ စိုက်ပျိုးရေမမှန်ခြင်းများဖြစ်ပါက သီးနှံထွက်နှုန်းမကောင်း၍ အကျိုးအမြတ်နည်းခြင်း၊ ဆုံးရှုံးမှု များနှင့် ရင်ဆိုင်ရပါသည်။

ဥသျှစ်ကုန်း (တ) ကျေးရွာတွင် ဥစ္စာဓနအဆင့်ကို အဆင့် (၄) ဆင့် ခွဲထားပါသည်။ ဥစ္စာဓန အဆင့် (၁) ချမ်းသာသောမိသားစုမှာ ကျေးရွာအိမ်ထောင်စု၏ (၆.၁%)၊ အဆင်ပြေသော အိမ်ထောင်စု (၁၆.၃%)၊ မပြေလည် သော အိမ်ထောင်စု (၄၁.၈%) နှင့် အလွန်မပြေလည်သော အိမ်ထောင်စု (၃၅.၇%) ခန့်ရှိပါသည်။ စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြသဖြင့် မြေယာပိုင်ဆိုင်မှု အနည်းအများအလိုက် မိသားစုဝင်ငွေရရှိခြင်း ပေါ်မူတည်၍ ဆင်းရဲချမ်းသာ ကွာဟသွားရခြင်းဖြစ်ပါသည်။ ဆင်းရဲသော အိမ်ထောင်စုနှင့် အလွန်ဆင်းရဲသော အိမ်ထောင်စု ပေါင်းသည် ကျေးရွာအိမ်ထောင်စု၏ သုံးချိုးနှစ်ချိုး ဖြစ်နေသည်ကို လေ့လာတွေ့ရှိရပါသည်။

၅.၈။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ (လမ်းတံတား၊ အခြားအခြေခံအဆောက်အဦများ၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး)

ဥသျှစ်ကုန်း (တ) ကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းရှိပါသည်။ ကျေးရွာတွင်းရှိ အိမ်ဝိုင်းများမှာ ပေ ၁၀၀ ပတ်လည် စံကွက်များဖြစ်ပြီး ရွာလယ်လမ်းမ၊ လမ်းသွယ်များမှာ ဖြောင့်တန်း၍ စံကွက်ကျ လှပပါသည်။ လမ်းများမှာ မြေသားလမ်းများ ဖြစ်ပြီး မိုးတွင်းကာလတွင် ရွံ့နွံထူထပ်၍ သွားလာရ ဆိုးပါသည်။ ယခုအခါ ရွာလယ်လမ်းမကို ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား VDP စီမံကိန်းလုပ်ငန်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ကျန်သော လမ်းသွယ်များအား မြေသားလမ်းမှ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန် ကျေးရွာလူထုမှ ပူးပေါင်းပါဝင်၍ ကြိုးစား ဆောင်ရွက်သွားပါမည်။

ဥသျှစ်ကုန်း (တ) ကျေးရွာမှ ညောင်ရမ်းတိုက်နယ်၊ သာစည်မြို့များသို့သွားရန် ချဉ်းကပ်လမ်းသည် အမှတ် (၄) မြောင်းဘောင်မြေသားလမ်းဖြစ်ပြီး ကျေးရွာ၏ လယ်ယာသွင်းကုန် ထုတ်ကုန်များ သယ်ယူပို့ဆောင် ခြင်း၊ ကျောင်းသား/ သူများ ပညာသင်ကြားရန် ဖြတ်သန်းသွားရောက်ခြင်း၊ ကျေးရွာ၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး ကိစ္စအဝဝကို ဆောင်ရွက်ရန် ယင်းအမှတ် (၄) မြောင်းဘောင် မြေသားချဉ်းကပ်လမ်းကိုသာ အဓိက အားထား အသုံးပြုရပါသည်။ မြေသားလမ်း ဖြစ်သောကြောင့် မိုးတွင်းအခါတွင် ရွံ့နွံထူထပ်ပြီး သွားလာရ အလွန်ခက်ခဲပါသဖြင့် လမ်းအဆင့်မြှင့်တင်ရန် အရေးကြီး လိုအပ်နေပါသည်။

ဥသျှစ်ကုန်း (တ) ကျေးရွာတွင် မဟာဓါတ်အားလိုင်းနှင့် လျှပ်စစ်မီးလင်းရေးအား ဆောင်ရွက်နိုင်ခြင်း မရှိ သေးပါ။ ကျေးရွာအိမ်ထောင်စု စုစုပေါင်း၏ ၆၅.၈ % သည် ဆိုလာမီးကို အသုံးပြုကြပါသည်။ ကျန်သော အိမ် ထောင်စု ၃၄.၂ % သည် ဘတ္ထရီမီး၊ ဓါတ်ခဲမီးအိမ်၊ မီးအိမ်၊ ဖယောင်းတိုင် ကိုသာ အသုံးပြုကြပါသည်။ ကျေးရွာတွင် မဟာဓါတ်အားလိုင်းဖြင့် လျှပ်စစ်မီးလင်းနိုင်ရေးအတွက် ကျေးရွာ မီးလင်းရေးကော်မတီဖွဲ့စည်းပြီး ရန်ပုံငွေ ရရှိရေး နှင့် သက်ဆိုင်ရာဌာနဆိုင်ရာတို့နှင့် ချိတ်ဆက် ဆောင်ရွက်ခြင်းများကို စတင်ဆောင်ရွက်လျက် ရှိပါသည်။

ကျေးရွာတွင် နွားလှည်း (၁၁) စီးသာ ရှိပါသည်။ ဆိုင်ကယ် (၁၅၁) စီး မှာ သယ်ယူ ပို့ဆောင်ရေး ဝန်တင် အဖြစ် သုံးပြီး၊ လုပ်ငန်းသုံးအနေဖြင့် ထော်လာကျီ (၃) စီး၊ အိမ်စီးရန်နှင့် လုပ်ငန်းသုံးရန် ကား (၃) စီး စသည်ဖြင့် ရှိပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြပါသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန် ပြီး အခြားသတင်း အချက်အလက်များ အတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ လျှပ်စစ်မီးမရရှိသေးသောကြောင့် အိမ်များ၏ ၈.၁ % ခန့်သာ တီဗွီမှ ဗဟုသုတအစီအစဉ်များကို ကြည့်ရှုကြရပါသည်။

၅.စ။ ပညာရေး

ဥသျှစ်ကုန်း (တ) ကျေးရွာတွင် အခြေခံပညာ မူလတန်းကျောင်း ရှိသောကြောင့် ကျေးရွာတွင်းရှိ ကျောင်းနေအရွယ်ကလေးတိုင်း အလွယ်တကူ တက်ရောက်သင်ကြားနိုင်ကြပါသည်။ ကျောင်းတွင် ဆရာ (၂) ဦး၊ ဆရာမ (၅) ဦး ခန့်အပ်ထားပါသည်။ ကျောင်း၏ ကြမ်းခင်းဧရိယာမှာ (၃၀' x ၁၂၀ ')၊ (၃၀' x ၆၀ ') ကျယ်ပြီး တစ်ထပ်ကျောင်းဆောင် (၂) ဆောင် ဖြစ်ပါသည်။ ကျောင်းဆောင်၊ ကျောင်း ဆရာ၊ ဆရာမ၊ ကျောင်းသုံးပရိဘောဂ များ လုံလောက်ပြည့်စုံပါသည်။ ကျောင်းဝန်းကျယ်ပြီး ကျောင်းခြံစည်းရိုးနှင့် ကျောင်အားကစားကွင်းများ၊ အားကစားပစ္စည်းများ လိုအပ်လျက်ရှိပါသည်။ ကျောင်း အိမ်သာများမှာ ယင်လုံအိမ်သာများဖြစ်ပြီး စနစ်ကျ ကောင်းမွန်ပါသည်။ မိဘဆရာအသင်း ဖွဲ့စည်း ထားရှိပြီး ကျောင်းအားကစားပွဲများ၊ အာဟာရတိုက်ကျွေးမှုများကို ပူးပေါင်း ဆောင်ရွက်လျက်ရှိပါ သည်။ အလယ်တန်းနှင့် အထက်တန်းကို ကျေးရွာမှ (၃) မိုင်ခန့်ဝေးသော ညောင်ရမ်း တိုက်နယ် အခြေခံပညာ အထက်တန်းကျောင်းတွင် သွားရောက်ပညာသင်ယူရပါသည်။

မူလတန်းကျောင်းသားဦးရေ (၁၂၁) ဦး၊ အလယ်တန်းကျောင်းသားဦးရေ (၅၄) ဦး၊ အထက်တန်း ကျောင်း သား ဦးရေ (၄၃) ဦးနှင့် တက္ကသိုလ်/ ကောလိပ်ကျောင်းသားဦးရေ (၃၂) ဦး ရှိပါသည်။ မိဘများသည် ပညာရေးကို အားပေးကြပြီး အတန်းပညာပြီးမြောက်သည်အထိ ကျောင်းထားပေးကြပါသည်။ ငွေကြေးခက်ခဲသောကြောင့် အလယ်တန်း ပညာထိသာ သင်ယူရသော အိမ်ထောင်စုများလည်း ရှိပါသည်။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှု များမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးဆဲ ဖြစ်သည်။

၅.ဆ။ ကျန်းမာရေး

ဥသျှစ်ကုန်း(တ) ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနမရှိသောကြောင့် သာမန်ဖျားနာလူနာများသည် ကျေးရွာမှ (၂) မိုင်ခန့်ဝေးသော နွားထိုးကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲသို့ သွားရောက် ကုသကြပါသည်။ အရေးပေါ်အခြေအနေလူနာများအား ရွာမှ (၃) မိုင်ခန့်ဝေးသော ညောင်ရမ်းတိုက်နယ်ဆေးရုံသို့လည်းကောင်း၊ သာစည်မြို့၊

မိတ္ထီလာမြို့တို့တွင်လည်းကောင်း သွားရောက်ကုသ ကြရပါသည်။ ကျေးလက်ကျန်းမာရေးဌာနတွင် အခန်းကုတင်၊ ဆေးဝါးနှင့် ကျန်းမာရေးဝန်ထမ်း မလုံလောက်ပါ။ ကျန်းမာရေးနှင့် ပတ်သက်၍ ကလေးငယ်များ တွင် ရာသီအလိုက်ဖြစ်ပွားတတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ရာသီတုပ်ကွေးရောဂါများ ဖြစ်ပွားလေ့ရှိပြီး ကုသ မှု လက်လှမ်းမီသော်လည်း ကျေးရွာချင်းဆက်လမ်း၊ ချဉ်းကပ်လမ်းတို့မှာ မြေသားလမ်းများဖြစ်သောကြောင့် မိုးတွင်းကာလတွင် သွားလာရခက်ခဲပြီး ဒုက္ခကြုံတွေ့ရပါသည်။ ကျေးရွာတွင် ကျန်းမာရေးဌာနထားရှိနိုင်မည် ဆိုပါက ပိုမို အဆင်ပြေမည် ဖြစ်ပါသည်။ မြို့နယ်နှင့်ကျေးလက်ကျန်းမာရေးဌာနတို့မှ ကိုယ်ဝန်သည်များ၊ ကလေး ငယ်များအား အပတ်စဉ်၊ လစဉ်အလိုက် ကာကွယ်ဆေးများ လာရောက် ထိုးပေးပြီး ကျန်းမာရေး စောင့်ရှောက်မှု ပေးပါသည်။ လူကြီးရောဂါများဖြစ်သော ဆီးချို၊ သွေးတိုးရောဂါ ခံစားနေရသူများလည်း ရှိပါသည်။

သောက်ရေအတွက် အဝီစိ စက်တပ်နှင့် တုံကင်တွင်းများ ရှိသည့်အတွက် ရေအခက်အခဲမရှိပါ။ သို့သော် ရေအရည်အသွေးများ စမ်းသပ်စစ်ဆေးမှုများ မရှိသေးပါ။ ကျေးရွာအိမ်ထောင်စု အားလုံးသည် ယင်လုံအိမ်သာ သုံးစွဲကြပါသည်။

၅.၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ဥသျစ်ကုန်း(တ) ကျေးရွာသည် အပူပိုင်းမိုးခေါင်ရေရှားဒေသတွင် တည်ရှိပါသော်လည်း စိုက်ပျိုးရေ အတွက် ညောင်ရမ်းကန်မှ ခွဲဝေသုံးစွဲလျက် ရှိပါသည်။ နွေရာသီတွင် မြေဆီလွှာ ခြောက်သွေ့မှု အနည်းငယ် ဖြစ်ပေါ် သော်လည်း မြေဆီလွှာ ခြောက်သွေ့မှု အနည်းငယ် ဖြစ်ပေါ်သော်လည်း ငရုပ်၊ ကြက်သွန်စသည့် သီးနှံများ စိုက်ပျိုးခြင်းဖြင့် ထိန်းသိမ်းလျက်ရှိပါသည်။ လေပြင်းတိုက်ခတ်မှု နည်းပါးစေရန် ထင်းတောများ စိုက်ပျိုးထား ရှိပါသည်။ မလိုလားအပ်သော စွန့်ပစ်ပစ္စည်းများကိုလည်း အန္တရာယ် မရှိစေရန် စနစ်တကျ စွန့်ပစ်ကြပါသည်။

၅.၈။ ကျား - မရေးရာ

ဥသျစ်ကုန်း(တ)ကျေးရွာတွင် လူဦးရေစစ်တမ်းအရ အမျိုးသားဦးရေထက် အမျိုးသမီးဦးရေ ပိုများပါ သည်။ ကျေးရွာစီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်တူ ပါဝင်ဆောင်ရွက်ခွင့် အခွင့်အရေး ပေးထားသော်လည်း ရှေးယခင်ထုံးတမ်းအစဉ်အလာများကြောင့် လည်းကောင်း၊ ဗဟုသုတနည်းပါး ခြင်းကြောင့် လည်းကောင်း၊ စီမံအုပ်ချုပ်မှုစနစ်တွင် ပါဝင်လေ့မရှိပါ။ သို့သော် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စီးပွားရေး၊ လူမှုရေး၊ သာရေးနာရေးလူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် ကြိုးကြိုးစားစားတက်တက်ကြွကြွ ပါဝင် လုပ်ကိုင်လာကြသည်ကို တွေ့မြင်ရပါသည်။ ရှေးယခင်က အမျိုးသမီးများသည် အတန်းပညာပြီးမြောက်သည်အထိ သင်ကြားခြင်းမရှိဘဲ ကျောင်းထွက်နှုန်းများပြီး အိမ်မှုကိစ္စများကိုသာ လုပ်ကိုင်လေ့ရှိပါသည်။ ယခုအခါတွင်မူ

အမျိုးသမီးများသည်လည်း အမျိုးသားများတန်းတူ ပညာသင်ကြားလာကြပြီး အတန်းပညာပြီးဆုံးသည်အထိ တက်ရောက် ကြပါသည်။

၆. ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအနေဖြင့် ကျေးရွာ၏ လိုအပ်ချက်များမှ အလိုအပ်ဆုံး သော ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ကျေးရွာလူထု လူမှုအဖွဲ့အစည်း၊ ရပ်မိရပ်ဖ၊ လူငယ်အဖွဲ့အစည်း၊ အမျိုးသမီး အဖွဲ့အစည်း၊ ဖွံ့ဖြိုးရေးကော်မတီများ စသည့် အဖွဲ့အစည်းများဖြင့် ဆွေးနွေး၍ စီမံကိန်းလုပ်ငန်းများရေးဆွဲခြင်း၊ အားနည်းချက်၊ အားသာချက်၊ အကျိုးအမြတ်များကို အကြိမ်ကြိမ် ညှိနှိုင်းပြီး ဦးစားပေးအဆင့်အလိုက် အောက်ပါအတိုင်းရေးဆွဲခဲ့ကြပါသည်။

ဥသျှစ်ကုန်း(တ) ကျေးရွာ၏ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	စီမံချက်အမည်	ဦးစားပေးအဆင့်
၁	ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း	၁
၂	ကျေးရွာလျှပ်စစ်မီးလင်းရေးလုပ်ငန်း	၂
၃	ကျေးရွာကုန်ထုတ်လမ်းခင်းခြင်း	၃
၄	စာကြည့်တိုက်၊ ကျေးရွာခန်းမ တည်ဆောက်ခြင်း	၄
၅	ကျန်းမာရေးနှင့် လူမှုကူညီရေးကား ဝယ်ယူတည်ထောင်ခြင်း	၅

နောက်ဆက်တွဲ (၁)

သာစည်မြို့၊ ဥသျစ်ကုန်းကျေးရွာအုပ်စု၊ ဥသျစ်ကုန်း(တ) ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးကျော်မိုး	ဦးချစ်စိန်	၉/ သစန (နိုင်) ၀၄၀၅၀၁	၄၆ နှစ်	နာယက	၀၉ ၇၈၈၇၅၇၃၉
၂	ဦးကျော်ဆွေ	ဦးတင်အောင်	၉/ သစန (နိုင်) ၀၄၀၇၆၀	၅၃ နှစ်	နာယက	၀၉ ၄၄၄၂၉၃၆၆
၃	ဦးညွန့်ဆောင်	ဦးသိန်းမောင်	၉/ သစန (နိုင်) ၀၄၅၀၁၃	၅၆ နှစ်	ဥက္ကဋ္ဌ	
၄	ဦးရန်နိုင်ဝင်း	ဦးကျော်မြင့်	၉/ သစန (နိုင်) ၁၂၃၂၈၈	၃၂ နှစ်	အတွင်းရေးမှူး	၀၉ ၇၇၄၀၉၀၅၄၇
၅	ဦးတင်ဝင်း	ဦးဖိုးဆင်	၉/ သစန (နိုင်) ၀၄၀၉၂၉	၆၁ နှစ်	ဘဏ္ဍာရေးမှူး	
၆	ဒေါ်သန္ဓာအေးရွှေ	ဦးတင်အေး	၉/ သစန (နိုင်) ၀၇၉၁၃၂	၁၉ နှစ်	စာရင်းကိုင် (၁)	၀၉ ၉၇၄၃၅၆၇၄၄
၇	ဦးကျော်မျိုးထွန်း	ဦးကြည်ဆောင်	၉/ သစန (နိုင်) ၁၁၁၁၀၀	၃၁ နှစ်	စာရင်းကိုင် (၂)	
၈	ဒေါ်ခင်မာသင်း	ဦးသောင်းမြင့်	၉/ သစန (နိုင်) ၀၉၃၃၈၇	၃၃ နှစ်	သော့ကိုင် (၁)	
၉	ဦးခင်မောင်ဝင်း	ဦးမှတ်ကြီး	PBE 193660	၃၅ နှစ်	သော့ကိုင် (၂)	
၁၀	ဦးသိန်းမြင့် (ခ) ဦးညီညီ	ဦးလှအောင်	၉/ သစန (နိုင်) ၀၄၁၂၀၄	၄၀ နှစ်	အဖွဲ့ဝင်	
၁၁	ဦးကျော်စိန် (ခ) ဦးဖြူ	ဦးပွေး	၉/ သစန (နိုင်) ၁၀၆၃၃၂	၄၂ နှစ်	အဖွဲ့ဝင်	၀၉ ၄၄၄၂၇၁၂၇၇
၁၂	ဦးသန်းမွေး	ဦးဖိုးချစ်	၉/ သစန (နိုင်) ၀၄၁၀၅၄	၄၀ နှစ်	အဖွဲ့ဝင်	
၁၃	ဒေါ်ခင်မာဦး	ဦးသောင်းငွေ	၉/ သစန (နိုင်) ၁၀၄၁၁၂	၄၅ နှစ်	အဖွဲ့ဝင်	
၁၄	ဒေါ်သန်းနု	ဦးသောင်းရွှေ	၉/ သစန (နိုင်) ၀၄၀၉၄၁	၄၇ နှစ်	အဖွဲ့ဝင်	၀၉ ၇၉၇၂၇၈၉၄၀

၁၅	ဒေါ်ညွန့်	ဦးဆယ်မောင်း	၉/ သစန (နိုင်) ၀၄၁၂၂၀	၄၅ နှစ်	အဖွဲ့ဝင်	

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၀	၆	၁၆
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၇	၁၉	၃၆
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၅၀	၅၉	၁၀၉
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၄၅	၄၇	၉၂
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၂၉၄	၃၃၆	၆၃၀
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၂၃	၂၄	၄၇
စုစုပေါင်း		၄၃၉	၄၉၁	၉၃၀
စုစုပေါင်း အိမ်ထောင်စု				၁၉၆

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ဥသျှစ်ကုန်း (တ) ကျေးရွာတွင် နို့စို့အရွယ် ၁.၇%၊ ၅ နှစ်အောက် ကလေးငယ် ၃.၈%၊ မူလတန်းကျောင်းသားအရွယ် ၁၁.၇%၊ အလယ်တန်းကျောင်းသားအရွယ် ၉.၈%၊ အလုပ်လုပ်နိုင်သည့် အရွယ် ၆၇.၇%နှင့် သက်ကြီးရွယ်ကြီး ၅% ခန့် နေထိုင်ကြပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	□	□	□	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	□	□	□	မြင့် □ လတ် □ နိမ့် □
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	□	□	□	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	□	□	□	မြင့် □ လတ် □ နိမ့် □
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	□	□	□	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	□	□	□	မြင့် □ လတ် □ နိမ့် □
၄	သစ်တောလုပ်ငန်း				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	□	□	□	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	□	□	□	မြင့် ☐ လတ် ☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	□	□	□	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	□	□	□	မြင့် ☐ လတ် ☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	□	□	□	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	□	□	□	မြင့် ☐ လတ် ☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	□	□	□	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	□	□	□	မြင့် ☐ လတ် ☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	□	□	□	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	□	□	□	မြင့် ☐ လတ် ☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	□	□	□	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	□	□	□	မြင့် □ လတ် □ နိမ့် □
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	□	□	□	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	□	□	□	မြင့် □ လတ် □ နိမ့် □
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	□	□	□□□	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	□	□	□	မြင့် □ လတ် □ နိမ့် □
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	□	□	□	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	□	□	□	မြင့် □ လတ် □ နိမ့် □
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	□	□	□	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	□	□	□	မြင့် □ လတ် □ နိမ့် □
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	□	□	□	မြင့် □ လတ် □ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	□	□	□	မြင့် ☐ လတ် ☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	□	□	□	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	□	□	□	မြင့် ☐ လတ် ☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	□	□	□	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	□	□	□	မြင့် ☐ လတ် ☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	□	□	□	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	□	□	□	မြင့် ☐ လတ် ☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	□	□	□	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	□	□	□	မြင့် ☐ လတ် ☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	□	□	□	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	□	□	□	မြင့် ☐ လတ် ☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၂၀	**အိမ်များတွင် အဓိကလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	□	□	□	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	□	□	□	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	□	□	□	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	□	□	□	မြင့် □ လတ် □ နိမ့် □
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ဥသျစ်ကုန်း (တ)ကျေးရွာတွင် ပန်းရံလုပ်သား၊ လက်သမားများရှိပါသည်။ ပုံမှန်လုပ်ငန်းမရှိခြင်း၊ လုပ်ငန်းပေါ်မှသာ ဝင်ငွေရခြင်း တို့ကြောင့် ဝင်ငွေပေါ် မိသားစု ရပ်တည်နိုင်မှုမှာ အသင့်အတင့်သာရှိပါသည်။ ဆိုင်ကယ်ပြင်ဆိုင်၊ စက်ချုပ်ဆိုင်၊ အိမ်ဈေးဆိုင်၊ သီးနှံပွဲစားနှင့် ဆံပင်ရှင်းခြင်းလုပ်ငန်းများ လုပ်ကိုင်သူများလည်း ရှိပါသည်။ ဆံပင်ရှင်းခြင်း လုပ်ငန်းသည် နေ့စဉ်ပုံမှန်ဝင်ငွေရသောကြောင့် လုပ်ကိုင်သူပိုမိုများပြားလာပါသည်။ လုပ်ငန်းချဲ့ထွင်နိုင်မှု မရှိသေးပါ။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)
လယ်မြေ	၆၂၉.၀၀	ကောင်း ☑ သင့် ☐ ညံ့ ☐
ယာမြေ / တောင်ယာမြေ	၇၆.၀၀	ကောင်း ☐ သင့် ☑ ညံ့ ☐
ဥယျာဉ်ခြံမြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
ကိုင်း / ကျွန်းမြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
ခနိတောမြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
စားကျက်မြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
မြေလွတ် မြေလပ်	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
စုစုပေါင်း	၇၀၅	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ဥသျှစ်ကုန်း (တ) ကျေးရွာတွင် လယ်ယာလုပ်ငန်းကို အဓိကအားထားလုပ်ကိုင်ကြပါ သည်။ လယ်မြေ မြေဆီလွှာအရည်အသွေး ကောင်းမွန်ပြီး၊ ယာမြေမှာ အသင့်အတင့်သာ ကောင်းမွန်ပါသည်။ စိုက်ပျိုးရေ အတွက် ညောင်ရမ်းကန်ရေကို အားထားအသုံးပြုပြီး၊ ညောင်ရမ်းကန်မှ အမှတ် (၄) မြောင်း အားနည်းမှုရှိခြင်းကြောင့် စိုက်ပျိုးရေ ရရှိမှု အနည်းငယ်နောက်ကျခြင်းများ ရှိပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊	များ ☐ သင့် ☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ☐

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
ကျောက်မျက် စသည်။)		အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ဥသျှစ်ကုန်း(တ) ကျေးရွာအနီးတဝိုက်တွင် တစောင်းလပတ်၊ ဆင်ထုံးမနွယ်စသည့် ဆေးဖက် ဝင်အပင်များ၊ မကျည်း၊ ထနောင်း၊ တမာပင်ကဲ့သို့ အရိပ်ရအပင်များပေါက်ရောက်ပါသည်။ လွယ်ကူစွာ အသုံးပြုလို့ရပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များ အနေဖြင့် ဆက်ရက်၊ ဗျိုင်း၊ ကျီးကန်း၊ ယုန်စသည်တို့ တွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၂	၃၂	၈၂	၇၀

ရင်းမြစ် ... (၁) **ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

လေ့လာတွေ့ရှိချက်။ ။ ဥသျစ်ကုန်း (တ) ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်ကြပြီး မြေယာ ပိုင်ဆိုင်မှုများသော အိမ်ထောင်စုများမှာ အဆင်ပြေကြပြီး မြေယာမဲ့နဲ့ ကျပန်နေ့စားလုပ်ကိုင်သူများမှာ စားဝတ်နေရေး အတွက် ကြိုးစားရုန်းကန်နေကြရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ဓမ္မစက်ဘီအဖွဲ့	□ ☑ □ ☐ □ ☐	□	□	□	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေးလူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၂	ပရဟိတအသင်း	□ ☐ □ ☑ □ ☐	□	□	□	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေးလူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐
၃	မိဘဆရာအသင်း	□ ☐ □ ☑ □ ☐	□	□	□	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေးလူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၄		□ ☐ □ ☐ □ ☐				ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေးလူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၅		□ ☐ □ ☐ □ ☐				ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေးလူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၆		□ ☐ □ ☐ □ ☐				ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေးလူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၇		□ ☐ □ ☐ □ ☐				ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေးနာရေးလူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

